


***အရေးပေါ်ပြန်သိမ်းရန်*** **-** Abbott မှ ၎င်းတို့၏ **Similac** အမှုန့် ကလေးဖော်မြူလာများ ပြန်သိမ်းရန် ထုတ်ပြန်ခဲ့သည်။

- Similac အမှုန့် - Advance၊ Total Comfort၊ Sensitive၊ နှင့် Spit Up
- Alimentum အမှုန့်

**ပြန်သိမ်းရမည့် ကလေးဖော်မြူလာများတွင် ပါဝင်သည်မှာ -**

- ထုတ်လုပ်သည့်အမှတ်စဉ်နံပါတ် - 22-37 မှ စပြီး၊ **နှင့်**
- K8, SH, သို့မဟုတ် Z2 (ပုံကိုကြည့်ပါ။); **နှင့်**
- သက်တမ်းကုန်ဆုံးရက် - ဧပြီလ 2022 သို့မဟုတ် ထိုနောက်ပိုင်းတွင်

**similacrecall.com** တွင် သင်၏ဖော်မြူလာ ထုတ်လုပ်သည့်အမှတ်စဉ်နံပါတ်များကို စစ်ဆေးပါ။

- ပြန်သိမ်းခံရသည့်အထဲတွင်ပါဝင်လျှင် သင့်ကလေးကို ထို ဖော်မြူလာ လုံးဝ မကျွေးပါနှင့်။
- ပြန်လည်သိမ်းဆည်းထားသောဗူးများအားလုံးကို "Do Not Use (အသုံးမပြုပါနှင့်)" ဟု အမှတ်အသားပြုပါ။ ကလေးဖော်မြူလာ လဲလှယ်နည်း သို့မဟုတ် အစားထိုးနည်းအသေးစိတ်ကို အောက်တွင် ကြည့်ရှုပါ။

**WIC ဖော်မြူလာ ရွေးချယ်စရာများ-**

- မွေးကင်းစကလေးဖော်မြူလာအတွက် ယာယီရွေးချယ်မှုများ – ဓာတ်ပုံများပါသော လက်ကမ်းစာစောင် **(3/10/22) (PDF)**

**အိမ်မှာ သိမ်းထားသော ကလေး ဖော်မြူလာကို ဘယ်လို လဲလှယ်မလဲ။**

1. **စတိုးဆိုင်များ** - ကလေးဖော်မြူလာကို စတိုးဆိုင်သို့ ပြန်ပို့ကြည့်ပါ။
   - စတိုးဆိုင်တစ်ခုစီသည် ၎င်းတို့ပြန်ပေးနိုင်သည့်အရာ ကွဲပြားနိုင်ပါသည်။

- ○ အချို့စတိုးဆိုင်များသည် ပြန်လည်သိမ်းဆည်းထားသော ကလေးဖော်မြူလာကို ပြန်လည်ရယူပြီး လဲလှယ်မှု၊ စတိုးဆိုင်ခရက်ဒစ် သို့မဟုတ် ပြန်အမ်းငွေကို ပြန်ပေးနိုင်သည်။ ၎င်းသည် ရွေးချယ်ခွင့်တစ်ခုဖြစ်ပါက၊ သင်သည် ထိုခရက်ဒစ် သို့မဟုတ် ပြန်အမ်းငွေကို မည်သည့် ကလေးဖော်မြူလာကိုမဆို ရယူရန် သုံးနိုင်သည်။

- ○ ဆိုင်တွင် ကလေးဖော်မြူလာ လဲလှယ်ခြင်း မပြုလုပ်ပေးပါက အောက်ပါ နံပါတ် 2 နှင့် 3 ကိုကြည့်ပါ။

2. **Similac ဖော်မြူလာကုမ္ပဏီ (Abbott)** - ပြန်သိမ်းနေသော ကလေးဖော်မြူလာကို Abbott သို့ ပြန်ပို့ပါ။

မိသားစုများသည် အိမ်တွင်သိမ်းဆည်းထားသည့် ပြန်သိမ်းနေသော ကလေးပုံစံဖော်မြူလာကို Abbott သို့ ပြန်ပေးနိုင်ပါသည်။ ဤအရာကိုလုပ်ရန်

- www.SimilacRecall.com သို့ သွားပါ သို့မဟုတ် 1-800-986-8540 သို့ ခေါ်ဆိုပါ။
- ဝက်ဘ်ဆိုက်တွင်၊ စာမျက်နှာ၏အောက်ခြေသို့ဆင်းပြီး "Check Lot Number(ထုတ်လုပ်သည့်အမှတ်စဉ်နံပါတ် စစ်ဆေးရန်)" ကိုနှိပ်ပါ-
- သင်၏ပြန်သိမ်းလိုသော ဖော်မြူလာ၏အောက်ခြေရှိ ထုတ်လုပ်သည့်အမှတ်စဉ်နံပါတ် ကို ရိုက်ထည့်ပါ။
- ၎င်းသည် ပြန်သိမ်းနေသော ကလေးဖော်မြူလာ ဖြစ်ပါက ၎င်းထုတ်လုပ်သည့်အမှတ်စဉ်နံပါတ် သည် ပြန်သိမ်းနေသောပစ္စည်းဖြစ်ကြောင်းကို ဖော်ပြထားသည့် drop-down ဖောင်ပေါ်လာပါမည်။
- ဖြည့်စွက်ပြီး ဖောင်တင်ပါ -
- " Abbott received the return request and to watch your email for a link to get the unique return label(Abbott မှ ပစ္စည်းပြန်ပို့ရန် တောင်းဆိုချက်ကို လက်ခံရရှိပြီး မတူညီသော ပြန်ပေးမည့် အမှတ်တံဆိပ်ကို ရယူရန် လင့်ခ်တစ်ခုရရန်အတွက် သင့်အီးမေးလ်ကို ကြည့်ရှုရန်)" ဟူသော မက်ဆေ့ချ်တစ်ခု ပေါ်လာလိမ့်မည်။
- Abbott သို့ ပြန်ပို့ရန်အတွက် အီးမေးလ်တွင် ညွှန်ကြားထားသည့်အတိုင်း မိသားစုများသည် ကလေးဖော်မြူလာကို ဘူးတစ်ခုထဲတွင် ထုပ်ပိုးရန် လိုအပ်ပြီး ပေးထားသည့် တံဆိပ်ကို ထည့်ကာ ၎င်းကို ယူဆောင်သွားရန် လိုအပ်ပါသည်။
- မိသားစုများအတွက် ချက်လက်မှတ် ပြန်ရရှိရန် 4 ပတ်အထိ ကြာမည်ဖြစ်သည်။ မိသားစုများအတွက် ပြန်ရငွေဖြင့် လုပ်ဆောင်နိုင်သည့်အရာများကို ကန့်သတ်မထားပါ။

## WIC ကလေးဖော်မြူလာ အကျိုးခံစားခွင့်များကို အစားထိုးနည်း သို့မဟုတ် ပြောင်းလဲနည်း

1. **WIC ဆေးခန်း** - ကလေးဖော်မြူလာ အစားထိုးခြင်း သို့မဟုတ် ကလေးဖော်မြူလာများ ပြောင်းလဲခြင်းအတွက် သင့် WIC ဆေးခန်းကို ဖုန်းခေါ်ဆိုပါ။

   - ○ သင့်စတိုးဆိုင်များတွင် မည်သည့် Women, Infants and Children (WIC, အမျိုးသမီးများ၊ မွေးကင်းစနှင့် ကလေးများ) ကလေးဖော်မြူလာကို ရနိုင်သည်ကို စစ်ဆေးကြည့်ပါ။

   - ○ ကလေးဖော်မြူလာ အကျိုးခံစားခွင့်များကို လိုအပ်သလို အစားထိုးရန် သို့မဟုတ် ပြောင်းလဲရန် ဆေးခန်းသို့ ဖုန်းခေါ်ဆိုပါ။

2. **WIC ပြည်နယ်ရုံး** - သင့်ဆေးခန်းကို မဆက်သွယ်နိုင်ပါက ပြည်နယ်ရုံးသို့ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် 8 နာရီမှ ညနေ 5 နာရီအထိ 1-800-841-1410 မှတဆင့် ဖုန်းခေါ်ဆိုပါ။

**အရင်းအမြစ်များ**

- အခြေခံစားနပ်ရိက္ခာအစီအစဉ် Supplemental Nutrition Assistance Program(SNAP, ဖြည့်စွက်အာဟာရထောက်ပံ့ရေးအစီအစဉ်) နှင့် အစားအသောက်ဘဏ်များ - **ParentHelp123 ဝက်ဘ်စာမျက်နှာ** သို့မဟုတ် 1-800-322-2588 သို့ ဖုန်းခေါ်ဆိုပါ။

ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။

ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် တောင်းဆိုရန် 1-800-841-1410 သို့ခေါ်ဆိုပါ။ နားမကြားသော သို့မဟုတ် အကြားအာရုံချို့တဲ့သော သုံးစွဲသူများသည် 711 (Washington Relay) သို့ခေါ်ဆိုပါ သို့မဟုတ WIC@doh.wa.gov ထံ အီးမေးလ်ပေးပို့ပါ။